# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 24, 2024 Volume 83, Number 15


၂၄.၁၀.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၄. ၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၉.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၁၇.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၀၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၇၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၇.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၉၅ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ နနွင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ နနွင်းဖူးများ ဈေးကောင်းရ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိပြီး စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သောနနွင်းကိုလည်းစိုက်ပျိုးကြကြောင်း၊၂၀၂၄ခုနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၈၄၃ ဧက၊ စဥ့်ကိုင်မြို့နယ်၌ ၂၆ ဧက၊ မြစ်သားမြို့နယ်၌ ၁၀၄၆ ဧက စုစုပေါင်း ၁၉၁၅ဧကစိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နနွင်းကို ဇွန်လနှင့် ဇူလိုင်လများတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ထွက်ပေါ်ကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၁ သိန်းခန့် ကုန်ကျကြောင်း၊ယခင်နှစ်က တစ်ဧကလျှင် နနွင်းပိဿာချိန် ၈၀၀ ခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စအချိန်တွင် နနွင်းတက် တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀ ဖြင့် ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် နနွင်းများကို ဒေသတွင်းရောင်းချမှုအပြင် ကျောက်ဆည်မြို့ရှိပွဲရုံများသို့ တင်ပို့ရောင်းချပြီးပွဲရုံများမှတစ်ဆင့်မန္တလေးမြို့သို့တင်ပို့ရောင်းချကြောင်း၊ တစ်ဧကလျှင် ငွေကျပ် ၃၂ သိန်းခန့် အမြတ်ရရှိကြောင်း၊ ယခုချိန်တွင် နနွင်းဖူးများစတင်

ထွက်ပေါ်နေပြီဖြစ်ရာ နနွင်းအဖူး ၁၀၀လျှင် လက်ကားဈေး ငွေကျပ် ၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ၊နနွင်းစိုက်ပျိုးခြင်းသည် နနွင်းတက်များသာမက နနွင်းဖူးများပါ ရောင်းချရသောကြောင့် အပိုဝင်ငွေများရရှိ၍ အဆင်ပြေလျက်ရှိပြီး နနွင်းစိုက်ခင်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## အိန္ဒိယက မြန်မာ့မတ်ပဲကို တန်ချိန် ၅ သိန်းအထိတိုးပြီးဝယ်ယူမယ်



အိန္ဒိယက လာမဲ့နှစ်ကစပြီး မြန်မာ့မတ်ပဲကို တန်ချိန် ၅ သိန်းအထိ တိုးမြှင့်ဝယ်ယူသွားမှာဖြစ်တယ် လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန က သိရပါတယ်။

ယခင်ချုပ်ဆိုထားတဲ့ အိန္ဒိယ-မြန်မာမတ်ပဲ ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာက လာမဲ့၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် မှာ သက်တမ်းကုန်ဆုံးမှာဖြစ်ပြီး အဆိုပါစာချုပ်မှာ မတ်ပဲ တန်ချိန်၂ဒသမ၅ သိန်းသာဝယ်ယူဖို့ချုပ်ဆိုထားတာပါ။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ အသစ်ထပ်ချုပ်မဲ့ MOU မှာတော့ အိန္ဒိယက မြန်မာ့မတ်ပဲကို တန်ချိန်၂ ဒသမ၅ သိန်းထပ်မံတိုးပြီး ဝယ်ယူမှာဖြစ်လို့တန်ချိန် ၅ သိန်းအထိ အခွန်ကင်းလွတ်နဲ့ တင်ပို့ခွင့် ရရှိမှာဖြစ်တယ်လို့ သိရပါတယ်။

အိန္ဒိယနိုင်ငံရဲ့ လူဦးရေများပြားမှုနဲ့အတူ မတ်ပဲနဲ့ပဲစင်းငုံ စိုက်ပျိုးမှုလျော့ကျတာကြောင့် စားနပ်ရိက္ခာ လိုအပ်ချက်များတဲ့အတွက် မြန်မာနိုင်ငံကနေ မတ်ပဲကို တန်ချိန်တိုးမြှင့်ဝယ်ယူလာတာဖြစ်တယ် လို့သိရပါတယ်။

" အိန္ဒိယမှာခုနှစ်လည်းရေတွေကြီးလို့ ပဲစိုက်ခင်းတွေပျက်စီးမှုများတော့ မြန်မာကနေ တန်ချိန်တိုးဝယ်တဲ့သဘောပါ ။သူတို့ရဲ့ စားနပ်ရိက္ခာလိုအပ်ချက်အရ လိုအပ်လာရင်ဈေးကိုမြှင့်ပြီး တောင်တိုးဝယ်တတ်တယ်။လိုအပ်ချက်ပြည့်သွားရင်လည်း ဈေးကိုချပြီး အဝယ်ရပ်တဲ့အကျင့်ရှိတယ်။စာချုပ်ကတော့ထပ်မချုပ်ရသေးပေမဲ့ ဝယ်မဲ့ ပမာဏတိုးတာတော့ အတည်ပြုပြီးပြီ " လို့ ပဲပြောင်းကုန်သည်တစ်ဦးကပြောပါတယ်။

ခုလို မတ်ပဲကို တန်ချိန်သိန်းဂဏန်းအထိထပ်တိုးဝယ်ယူမဲ့ အခြေအနေကြောင့် လာမဲ့နှစ်မတ်ပဲအသစ်တွေပေါ်ပါကလည်း မတ်ပဲဈေးကွက်ကလက်ရှိဈေးနှုန်းထက်ကျဆင်းသွားနိုင်တဲ့ အခြေအနေမရှိဘူးလို့ ကုန်သည်တွေကသုံးသပ်ပါတယ်။

လက်ရှိမှာ မတ်ပဲဈေးက ရန်ကုန်ဘုရင့်နောင် ကုန်စည်ဒိုင်မှာ မတ်ပဲFAQ တစ်တန်ကို ၃,၈၀၀,၀၀၀ ရှိပြီး နယ်ကုန်စည်ဒိုင်တွေမှာ ပိဿာ ၂၀ တစ်တင်းကို ၁၂၃,၅၀၀ ကျပ်ဈေးတန်းရှိနေပါတယ်။

" မတ်ပဲက၁၂၀,၀၀၀အောက်တော့မကျနိုင်ဘူး။ အခုကလက်ကျန်လည်းနည်းသလောက်ဖြစ်နေပြီလေ။ တောင်သူကြီးတွေနဲ့ သိုလှောင်သူတွေလက်ထဲရှိမယ်။ မျိုးရောင်းတာရှိမယ်။ အဝယ်ကတော့ရှိတယ်။ ခုသီတင်းကျွတ်အပြီးနည်းနည်းပြန်တက်လာတယ်"လို့ ပွဲရုံပိုင်ရှင်တစ်ဦးကပြောပါတယ်။

လက်ရှိမှာ ယာမြေသမားတွေက မတ်ပဲတွေစတင်စိုက်နေသလို မိုးစပါးအခင်းပျက်စီးသွားတဲ့လယ်တွေနဲ့ စပါးရိတ်သိမ်းပြီးတောင်သူတွေထဲလည်း မတ်ပဲတွေစတင်စိုက်ပျိုးနေကြပြီဖြစ်ပါတယ်။

လက်ရှိမှာ အိန္ဒိယ-မြန်မာကုန်သွယ်ရေးကဏ္ဍ ငွေပေးချေမှုစနစ်ကို အမေရိကန်ဒေါ်လာအပြင် ရူပီးတိုက်ရိုက်ပေးချေနိုင်ကြောင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကအသိပေးထားပါတယ်။

မြန်မာ့မတ်ပဲကို အိန္ဒိယနိုင်ငံကသာအဓိကဝယ်ယူပြီး တင်ပို့ရတာဖြစ်ကြောင်း၊ မတ်ပဲဈေးအတက်အကျဟာ အိန္ဒိယနိုင်ငံရဲ့ ဝယ်လိုအားနဲ့နိုင်ငံခြားငွေကြေးဈေးကွက်အတက်အကျပေါ်လည်းမူတည်တယ်လို့သိရပါတယ်။

Source : (**AMIA**)

https://myanmaawba.com/marketnews_10232024/

## ကလေးမြို့နယ်တွင် ပြည်ပပို့ကုန် နှမ်းသီးနှံဧက ၂၂,၀၀၀ ကျော် ရိတ်သိမ်း



ပြည်ပပို့ကုန် နှမ်းသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင်ရိတ်သိမ်းနေပြီဖြစ်ရာ၂၂,၀၀၀ကျော်ရိတ်သိမ်းပြီးဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးခရိုင်၊ကလေးမြို့နယ်တွင်မိုးသီးနှံနှမ်းကို ဩဂုတ်လကစတင်ရိတ်သိမ်းနေရာယနေ့အထိ(၂၂၁၆၄) ဧကရိတ်သိမ်းပြီးဖြစ်ကြောင်းသိရသည်။

“ လက်ရှိစိုက်ထားတဲ့ နှမ်းစိုက်ခင်းအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးပါပြီ။ အထွက်နှုန်းကောင်းမွန်တဲ့ GAP နည်းစနစ်နဲ့စိုက်ခဲ့ကြတာပါ။တစ်ဧက ၆ ဒသမ ၆၁ တင်းထွက်ရှိနေပါတယ် ” ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ကလေးမြို့နယ် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ရေး၊မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေး၊အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

“GAP နည်းစနစ်နဲ့ စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံတွေဟာ အခြားစိုက်စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်ထားတဲ့ သီးနှံတွေထက် အရည်အသွေးပိုမိုကောင်းမွန်ပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုပါ တင်ပို့ရောင်းချနိုင်ပါတယ်”ဟု နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

**Source :** https://www.popularmyanmar.com/

## အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပုစွန်အစုံပိသ်သာချိန်၈၈,၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပုစွန်အစုံပိသ်သာချိန် ၈၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အမာမြို့နယ်မှရေထွက်ကုန်ပစ္စည်းပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

အမာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ပုစွန်များကို စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ပုစွန်အစုံပိသ်သာချိန် ၆၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ ပုစွန်အစုံပိသ်သာချိန် ၈၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“အမာမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချနေပါတယ်။ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ပုစွန်ပိသ်သာချိန် ၈၈,၀၀၀ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ရန်ကုန်ဈေးကွက်က ပုစွန်တွေဝယ်ယူမှုများပြားနေတာကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ ပုစွန်တွေ အပါအဝင်ရေထွက်ကုန်တွေကုန်ချိန်များများတင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်းတွေတင်ပို့ရောင်းချတဲ့လုပ်ငန်းလုပ်ကိုင်သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ ဒေသကနေရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်။တင်ပို့ရောင်းချရတာလဲအခက်အခဲမရှိပါဘူး” ဟု အမာမြို့နယ်ရေထွက်ကုန် ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များ၏ တစ်ပိသာဈေးနှုန်းသည် ပုစွန်ဘော့ချိတ် ငွေကျပ် ၂၀,၅၀၀ မှ ၂၄,၅၀၀၊ ပုစွန်ဆိတ်သေး ငွေကျပ် ၁၇,၅၀၀ မှ ၁၉,၅၀၀ ၊ပုစွန်ဆိတ်ကြီး ၁၉,၅၀၀ မှ ၂၈,၅၀၀၊ ပုစွန်တုပ်ကြီး ငွေကျပ် ၄၅,၀၀၀ မှ ၅၉,၀၀၀ ပေါက်ဈေးရှိပြီး လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၉၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးခြောက် ပိဿာချိန် ၉၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၇၃,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း စက်တင်ဘာလတစ်လအတွင်းကွမ်းသီးခြောက်ပိဿာချိန်၉၃,၀၀၀ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အရောင်းအဝယ်ဖြစ်နေတဲ့ ကွမ်းသီးခြောက်တွေက နွေရာသီကသိုလှောင်ထားတဲ့ကွမ်းသီးခြောက်တွေပါ၊ စက်တင်ဘာလ တစ်လအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၉၃,၀၀၀ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။လက်ရှိလဲဒေသက ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ဓနုဖြူမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ကွမ်းသီးများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ အလုံးအတိုင်းနှင့် ခွဲစိတ်ပြီး နှစ်မျိုးပြုလုပ်၍ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်းသိရသည်။

**Source : ရတနာပုံသတင်းစာ**

## ၂၀၂၄ ခုနှစ်၏ ပထမ ၉ လတာကာလတွင် ဆန်တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၃၅ သန်းရရှိခဲ့သည့် ကမ္ဘောဒီးယား



ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ်၏ ပထမ ၉ လတာကာလတွင် ဆန်တန်ချိန် ၄၄၅,၉၁၃တန်တင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ၃၃၅သန်းရရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆန်စပါး အသင်းချုပ် (CRF) က ၁၄-၁၀-၂၀၂၄ ရက်တွင် ပြောကြားခဲ့သည်။

တင်ပို့ခဲ့သည့်ဆန်များတွင် ပရီမီယမ်ဆန်မွှေး၊ ရနံ့သင်းသောဆန်၊ဆန်ဖြူ၊ပေါင်းဆန်နှင့်အော်ဂဲနစ်ဆန်တို့ပါဝင်ကြောင်းသိရသည်။

ကမ္ဘောဒီးယားသည် ထို ၉ လတာကာလတွင် ဆန်များကို နိုင်ငံများနှင့် ဒေသ ၆၅ ခုကို တင်ပို့ခဲ့ကြောင်းသိရသည်။

တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၅၆ သန်းတန်ကြေးရှိသည့် ဆန်တန်ချိန် ၈၁,၄၂၃ တန်ကို ကမ္ဘောဒီးယားထံမှ ဝယ်ယူခဲ့ပြီး ထိပ်ဆုံးက တင်သွင်းသူအဖြစ် ရပ်တည်နေကြောင်းသိရသည်။

ထို့ပြင် ဥရောပသမဂ္ဂနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၁၈၆ သန်းတန်ဖိုးရှိသည့် ဆန်တန်ချိန် ၂၂၈,၇၃၁ တန်တင်ပို့ခဲ့ပြီး အာဆီယံသို့ အမေရိကန်ဒေါ်လာ ၅၂ သန်း တန်ဖိုးရှိသည့် ဆန်တန်ချိန် ၈၆၀၄၃ တန်တင်ပို့ခဲ့ကြောင်း သိရသည်။

ထုတ်လုပ်မှုနှင့် သိုလှောင်နိုင်စွမ်းမြင့်တက်လာခြင်းနှင့် ဆန်အရည်အသွေးစံနှုန်းမြင့်တင်နိုင်ခဲ့ခြင်းကြောင့် ကမ္ဘောဒီးယားဆန် နိုင်ငံတကာဈေးကွက်များသို့ အရှိန်အဟုန်ဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း CRF ၏ ဥက္ကဋ္ဌဖြစ်သူ Chan Sokheang က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံဆန်စပါးအသင်းချုပ်သည် ၂၀၂၅ ခုနှစ်တွင် အနည်းဆုံး ဆန်တန်ချိန် ၁ သန်းတင်ပို့ရန် ရည်မှန်းထားကြောင်းသိရသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် စပါးစိုက်ခင်း ဟက်တာ ၃ ဒသမ ၅၄ သန်းရှိပြီး နှစ်စဉ် စပါး တန်ချိန်၁၂ ဒသမ ၄၉ သန်း ပုံမှန်ထုတ်လုပ်နိုင်ကြောင်းသိရသည်။

နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်သူ Hun Manet ကလည်း လာအိုတွင်ကျင်းပခဲ့သည့် အာဆီယံညီလာခံတွင် ဆန်ကုန်သွယ်မှုနှင့်ပတ်သက်၍ ဖိလစ်ပိုင်အပါအဝင် ပြည်ပခေါင်းဆောင်များနှင့် သီးခြားတွေ့ဆုံဆွေးနွေးပွဲလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

**Source : Khmer Times**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/25889

## ဗီယက်နမ်နိုင်ငံ၏ ကိုးလတာအတွင်း ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံအထိရရှိ



ဗီယက်နမ်နိုင်ငံ၏ ပုစွန်တင်ပို့မှုသည် ယခုနှစ် ပထမကိုးလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံနီးပါး ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဗီယက်နမ်၏ ရေထွက်ကုန်များအနက် ပုစွန်သည် တင်ပို့မှုအများဆုံးဖြစ်ကြောင်းသိရသည်။

ဗီယက်နမ် ပင်လယ်စာတင်ပို့ရောင်းချသူများနှင့် ထုတ်လုပ်သူများအသင်း (VASEP) ၏ အဆိုအရသိရသည်။

အဆိုပါကိန်းဂဏန်းသည် ၂၀၂၃ ခုနှစ်၏ ကိုးလတာကာလအတွင်း ပုစွန်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ၁၀ ဒသမ ၅ ရာခိုင်နှုန်းတိုးလာကြောင်းသိရသည်။

အေးခဲပုစွန်တင်ပို့မှုသည် အီကွေဒေါနှင့် အိန္ဒိယတို့မှ ပြိုင်ဆိုင်မှုများနှင့်ရင်ဆိုင်နေရသော်လည်း ခိုင်မာသောဈေးကွက်အနေအထားတွင်ရှိနေသည်။

ပြည်ပသို့ ပြုပြင်ထုပ်ပိုးထားသော ပုစွန်တင်ပို့မှုမှာ ၁၀ ရာခိုင်နှုန်း နီးပါးတိုးလာပြီး အေးခဲထားသော ပုစွန်တင်ပို့မှုမှာ ၄ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

အဓိကဈေးကွက်များစွာသို့ တင်ပို့ရောင်းချမှုများသည်လည်း ရလဒ်ကောင်းများရရှိခဲ့သည်။

စက်တင်ဘာလ ၁၅ ရက်အထိ အမေရိကန်သို့ ပုစွန်တင်ပို့မှုသည် ကန်ဒေါ်လာ ၅၁၆ သန်း၊ ဥရောပသို့ ကန်ဒေါ်လာ ၃၃၇ သန်း၊ တရုတ်နှင့် ဟောင်ကောင်သို့ ကန်ဒေါ်လာ ၅၂၉ သန်းဖြင့် တစ်နှစ်ထက်တစ်နှစ် ၈ ရာခိုင်နှုန်း ၊ ၁၅ ရာခိုင်နှုန်း နှင့် ၂၆ ရာခိုင်နှုန်း တို့ အသီးသီးတိုးတက်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ပုစွန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် ကန်ဒေါ်လာ ၄ ဘီလီယံအထိရှိလာမည်ဟု ခန့်မှန်းထားကြောင်းသိရသည်။

**Source : Vietnamplus**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/25890

## Semiconductor-Grade Polysilicon ထုတ်လုပ်မှုတိုးချဲ့ရန် အမေရိကန်အစိုးရသည် Hemlock Semiconductor ကုမ္ပဏီနှင့် ပဏာမသဘောတူညီခဲ့

အမေရိကန်အစိုးရ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် Hemlock Semiconductor (HSC) ကုမ္ပဏီတို့သည် တစ်ပိုင်းလျှပ်ကူးပစ္စည်းတွင်အသုံးပြုနိုင်သည့်အဆင့်ရှိသော ပိုလီဆီလီကွန် ခေါ် Semiconductor-Grade Polysilicon ထုတ်လုပ်မှုတွင် အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာ့ ဦးဆောင်နိုင်ငံဖြစ်လာစေရန် ရန်ပုံငွေအမေရိကန်ဒေါ်လာ (၃၂၅)သန်း ထောက်ပံ့မည့် ပဏာမသဘောတူညီချက်ကို ၂၁-၁၀-၂၀၂၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ HSC ကုမ္ပဏီ၏ မီချီဂန်ပြည်နယ်ရှိ စက်ရုံဝင်းအတွင်း စက်ရုံအသစ်တစ်ခု တည်ဆောက်သွားမည်ဖြစ်ရာ စက်ရုံတည်ဆောက်ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းအလုပ်အကိုင်ပေါင်း (၁,၀၀၀) ကျော်နှင့် စက်ရုံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်း၌ အလုပ်အကိုင်ပေါင်း (၁၈၀) ကျော် ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

HSC သည် အမေရိကန်နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်ပြီး ကမ္ဘာ့ Semiconductor-Grade Polysilicon ထုတ်လုပ်သည့် လုပ်ငန်း (၅)ခု အနက်တစ်ခုဖြစ်ကြောင်း သိရသည်။

**Source : အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ**

https://myantrade.gov.mm/

## STOCK EXCHANGE (24.10.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,526 (Shares) | 7,154,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,400 | 8,500 | 8,400 | 91 | 764,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,400 | +100 | +3.03% | 3,350 | 3,400 | 3,300 | 240 | 794,500 | 38,929,150 | 132,359 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 0 | 0 | 10,400,986 | 88,408 |
| FPB | 00004 | 2,050 | -50 | -2.38% | 2,100 | 2,100 | 2,000 | 82 | 169,650 | 29,664,613 | 60,813 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,011 | 1,693,700 | 19,977,223 | 33,961 |
| AMATA | 00007 | 4,400 | +0 | +0.00% | 4,300 | 4,400 | 4,300 | 42 | 181,000 | 10,497,598 | 46,189 |
| MAEX | 00008 | 3,350 | -50 | -1.47% | 3,350 | 3,350 | 3,350 | 1,060 | 3,551,000 | 23,804,946 | 79,747 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 24th Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.30 | +0.64 | +0.16% | 402.69 | 402.69 | 397.70 | 2,526 | 7,154,350 | 8 | 758,814 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 24th Oct. 2024

| Trading Volume | Trading Value |
|---|---|
| 2,527 (Shares) | 7,189,350 (MMK) |

## Main Board

As of 1:00 pm, 24th Oct. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,526 (Shares) | 7,154,350 (MMK) |

| MYANPIX | 402.30 ▲ 0.64 |
|---|---|
| Total Volume (shares) | 2,526 |
| Total Value (MMK) | 7 mil |
| Listed Company | 8 |
| Market Cap. (MMK) | 758,814 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 100 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 2,050 | ▼ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,400 | ▲ 0 |
| MAEX | 00008 | 3,350 | ▼ 50 |